# လက်ဝါးကြီးအုပ်ခံ လက်ဖက်လုပ်ငန်း



# လက်ဝါးကြီးအုပ်ခံ လက်ဖက်လုပ်ငန်း

*တအာင်း (ပလောင်) လုပ်ငန်းအဖွဲ့*

တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး **(TSYO)**

ပလောင်အမျိုးသမီးအစည်းအရုံး **(PWO)**

ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး **(PSLF)**

# မာတိကာ

၁။ နိဒါန်း ၃

၂။ လက်ဖက်လုပ်ငန်းတွင် ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများ ၄

(က) လက်ဖက်ဈေးနှုန်း အဆမတန်ကျဆင်းခြင်း

(ခ) မြို့နယ်အလိုက် လက်ဖက်ဈေးနှုန်းပြဇယား

(ဂ) မြို့နယ်အလိုက် ကုန်ဈေးနှုန်းပြဇယား

(ဃ) လက်ဖက်ကုန်သည်နှင့် ဈေးကွက်ပြဿနာ

(င) လက်ဖက်တောင်သူနှင့် အလုပ်သမားများကြုံတွေ့နေရသည့်ပြဿနာ

၃။ နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ ၉

(က) လက်ဖက်လုပ်ငန်းအပေါ် ဆိုးကျိုးသက်ရောက်မှုများ

(ခ) စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ

(ဂ) ရွှေ့ပြောင်းအလုပ်သမားများတိုးပွားလာခြင်း

၄။ ပြဿနာဖြေရှင်းနိုင်မည့် အကြံပြုချက်များ ၁၁

(က) ဒေသခံလက်ဖက်တောင်သူ တအာင်းပြည်သူများ

(ခ) တအာင်း (ပလောင်) အမျိုးသားပါတီ

(ဂ) စစ်တပ်လက်အောက်ခံ မြန်မာအစိုးရ

(ဃ) နိုင်ငံတကာမိသားစုများ

## ၁။ နိဒါန်း

လက်ဖက်တောင်သူ တအာင်းပြည်သူလူထုတို့သည် ၂၀၁၁ ခုနှစ် လက်ဖက်ရာသီတွင် လက်ဖက်ဈေးကွက် ဆိုးဝါးစွာ ပျက်စီးခြင်းကြောင့် ကြီးမားသည့်စီးပွားရေး အကြပ်အတည်းနှင့် ရင်ဆိုင်နေကြရပါသည်။ ရွှေဖီဦးကာလတွင် လက်ဖက်ဈေးအသင့်တင့်ရှိပြီး ဝယ်ယူသူများရှိသော်ငြားလည်း တပတ်ခန့်အကြာတွင် လက်ဖက်ဈေးနှုန်းများ တဟုန်ထိုး ကျဆင်းလာပြီး၊ ဝယ်လက်များလည်း နည်းပါးလာပါသည်။ နောက်ပိုင်းတွင် လက်ဖက်ဈေးကွက်ပျက်ခဲ့ရပြီး လက်ဖက်လုပ်ငန်းများ ရပ်ဆိုင်းရမည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။

ရွှေဖီလက်ဖက်ရာသီမှာ တပေါင်းလပြည့်ကျော်မှစတင်၍ ကဆုန်လဆန်းထိ တစ်လကျော်ကြာမြင့်ပြီး ပလောင်လူမျိုးတို့၏ အသက်မွေးဝမ်းကြောင်းကို အဓိကထောက်ပံ့ပေးသည့် လက်ဖက်ရာသီ ဖြစ်ပေသည်။ လက်ဖက်လုပ်ငန်း လုပ်ကိုင်ကြသည့် တအာင်းလူမျိုးတို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်၊ မန်တုံ၊ နမ္မတူ၊ ကျောက်မဲအနောက်ဖက်ခြမ်း၊ သီပေါအနောက်ဖက်ခြမ်း၊ နမ့်ခမ်း၊ ကွတ်ခိုင် အစရှိသည့်မြို့နယ်တို့တွင် အဓိကနေထိုင်ကြသည်။ လက်ဖက်လုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကြောင်းပြုကြသော တအာင်းလူဦးရေမှာ စုစုပေါင်း ခြောက်သိန်းကျော်ခန့် ရှိပါသည်။

ထိုကဲ့သို့ တအာင်းလူမျိုးတို့၏ အဓိကအသက်မွေးဝမ်းကျောင်းဖြစ်သည့် လက်ဖက်လုပ်ငန်းမှာ လက်ဝါးကြီးအုပ်ချယ်လှယ်ခံနေရသဖြင့် ကြီးမားသည့် အကြပ်အတည်းများ ပေါ်ပေါက်လာပြီး ဒေသခံပြည်သူလူထုတို့မှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေး အစရှိသည့် ပြဿနာပေါင်းစုံများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။

လက်ဖက်ပြဿနာနှင့် ရင်ဆိုင်နေရသော ပလောင်လူမျိုးတို့၏အခက်အခဲများကို စစ်တပ်လက်အောက်ခံအစိုးရနှင့် ဒေသတွင်းရှိ နိုင်ငံရေးပါတီများ၊ အခြားအဖွဲ့အစည်းများ အနေဖြင့် မည်သည့်ကူညီထောက်ပံ့မှုမျှ ပြုလုပ်သည်ကို မတွေ့ရှိရသေးပေ။ ထို့ကြောင့် လက်ဖက်တောင်သူ တအာင်းလူမျိုးတို့ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲပြဿနာများကို အားလုံးသိရှိစေပြီး ဝိုင်းဝန်းကူညီဖြေရှင်းပေးရာတွင် တစုံတရာ အကျိုးပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် ယခုစာတမ်းကို မိမိတို့တအာင်း(ပလောင်)အလုပ်အဖွဲ့မှ ရေးသားပြုစုတင်ပြရခြင်း ဖြစ်ပါသည်။

* * *

## ၂။ လက်ဖက်လုပ်ငန်းတွင် ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများ

### *(က) လက်ဖက်ဈေးနှုန်း အဆမတန်ကျဆင်းခြင်း*

တအာင်းဒေသ၏ ၂၀၁၁ လက်ဖက်ရာသီအစတွင် နမ့်ဆန်မြို့နယ်ရှိ လက်ဖက်ခြောက် တစ်ပိဿာလျှင် (၃၅၀၀)ကျပ် ဝန်းကျင်ခန့်ရှိပြီး သင်္ကြန်အတောအတွင်းမှစ၍ ဈေးနှုန်းများ ကျဆင်းကာ သင်္ကြန်နောက်ပိုင်းတွင် (၂၅၀၀)ကျပ် ခန့်အထိ ကျဆင်းလာသည်။ ယနေ့ ပေါက်ဈေးမှာ ၂၀၀၀ ကျပ်ဝန်းကျင်ခန့်သာရှိပြီး ဝယ်ယူသူများလည်းမရှိလောက် ဖြစ်နေကြသည်။ လက်ဖက်တောင်သူများ လက်ဖက်ကိုစွန့်ပြီး အခြားလုပ်ငန်းများ လုပ်ကိုင်ကြသကဲ့သို့ စက်ရုံများလည်း အလုပ်ပျက်လပ်ပြီး စက်ရုံပိတ်ရသည့်အဆင့်ထိပင် အခြေအနေ ဆိုးရွားနေပါသည်။ ယခင်နှစ်များတွင် လက်ဖက်ဈေးနှုန်းမှာ တစ်ပိဿာ ၄၀၀၀-၅၀၀၀ ကျပ်ဝန်းကျင်ခန့် ရှိပါသည်။

နမ့်ခမ်းမြို့နယ်၏ လက်ဖက်ဈေးနှုန်းမှာ ရွှေဖီဦးကာလတွင် တစ်ပိဿာလျှင် ၃၅၀၀ ကျပ်ခန့်ရှိပြီး သင်္ကြန်နောက်ပိုင်းတွင် ၁၇၀၀ ကျပ်ခန့်သာ ရရှိတော့သည်။ မန်တုံမြို့နယ်၏ ယခုလက်ရှိ လက်ဖက်ပေါက်ဈေးမှာ ၁၂၅၀ ကျပ်ခန့်သာရှိပြီး အရောင်းအဝယ်များလည်း မရှိသလောက် ဖြစ်နေပါသည်။



လုပ်ငန်းပျက်လပ်ပြီး ပိတ်ထားရသော စက်ရုံတစ်ရုံ

ရှက်စိမ်းလက်ဖက်ကို အများဆုံးပြုလုပ်သော နမ့်ဆန်ဒေသတွင် ရှက်စိမ်းလက်ဖက် ဈေးနှုန်းမှာ တစ်ပိဿာလျှင် ၈၀၀ ကျပ်ခန့်ရှိပြီး နောက်ပိုင်းတွင် ဈေးနှုန်းများ ဆက်တိုက် ကျဆင်းလာပါသည်။ ယနေ့ပေါက်ဈေးမှာ တစ်ပိဿာလျှင် ၁၅၀ ကျပ်ဝန်းကျင်ခန့်သာရရှိပါသည်။ ရှက်စိမ်းလက်ဖက်ဈေးနှုန်း မတည်ငြိမ်သောကြောင့် အချိုခြောက်လုပ်ငန်းများကိုလည်း များစွာရိုက်ခက်လာပြီး အချို့စက်ရုံများ ရပ်ဆိုင်းထားရပါသည်။ လက်ဖက်စို ဈေးနှုန်းများလည်း ထိုနည်းတူစွာ ကျဆင်းလျှက်ရှိသည်။

## (ခ) မြို့နယ်အလိုက် လက်ဖက်စျေးနှုန်းပြဇယား

| စဉ် | မြို့နယ် | လက်ဖက်အမျိုးအစား | သင်္ကြန်မတိုင်ခင် | သင်္ကြန်ပြီးနောက်ပိုင်း | လက်ရှိပေါက်စျေး |
|---|---|---|---|---|---|
| ၁။ | နမ့်ဆန် | လက်ဖက်စို | ၈၀၀ | ၄၀၀–၇၀၀ | – |
| | | ရှက်စိမ်း | ၈၀၀ | ၁၅၀ | ၁၅၀ |
| | | အခါးခြောက် | ၃၅၀၀ | ၂၂၀၀–၂၅၀၀ | ၂၀၀၀–၂၂၀၀ |
| | | အချိုခြောက် | – | – | – |
| | | | | | |
| ၂။ | မန်တုံ | ရှက်စိမ်း | ၂၀၀–၂၅၀ | ၁၀၀ | ၁၀၀ |
| | | အခါးခြောက် | ၃၀၀၀ | ၁၂၅၀–၁၅၀၀ | ၁၂၅၀–၁၅၀၀ |
| | | အချိုခြောက် | – | – | – |
| | | | | | |
| ၃။ | နမ့်ခမ်း | အခါးခြောက် | ၃၅၀၀ | ၁၅၀၀–၂၀၀၀ | ၁၅၀၀–၂၀၀၀ |
| | | | | | |
| ၄။ | နမ္မတူ | အခါးခြောက် | – | ၁၈၀၀–၁၈၅၀ | ၁၈၀၀–၁၈၅၀ |
| | | | | | |
| ၅။ | ကျောက်မဲ | အခါးခြောက် | ၄၀၀၀ | ၂၆၀၀–၃၀၀၀ | ၂၆၀၀–၃၀၀၀ |
| | | အချိုခြောက် | – | – | – |
| | | | | | |
| ၆။ | မန္တလေး | လက်ဖက်စို | – | ၈၀၀–၁၂၀၀ | ၈၀၀–၁၂၀၀ |
| | | အခါးခြောက် | – | ၃၀၀၀–၃၆၀၀ | ၃၀၀၀–၃၆၀၀ |
| | | အချိုခြောက် | – | – | – |

## (ဂ)မြို့နယ်အလိုက် ကုန်ဈေးနှုန်းပြဇယား

| စဉ် | မြို့နယ် | ပစ္စည်းအမျိုးအမည် | ဈေးနှုန်း |
|---|---|---|---|
| ၁ | နမ့်ခမ်း | ဆန် (တစ်အိတ်) | ၂၆၀၀၀–၃၀၀၀၀ |
| | | ဆီ (တစ်ပိဿာ) | ၃၅၀၀ |
| | | ဆား (တစ်ပိဿာ) | ၅၀၀ |
| | | ကြက်သွန်ဖြူ (တစ်ပိဿာ) | ၁၈၀၀ |
| | | ကြက်သွန်နီ (တစ်ပိဿာ) | ၂၀၀၀ |
| | | | |
| ၂ | နမ့်ဆန် | ဆန် (တစ်အိတ်) | ၂၄၀၀ (အညံ့စား) ၂၅၀၀–၂၆၀၀ (အကောင်းစား) |
| | | ဆီ (တစ်ပိဿာ) | ၃၆၀၀ |
| | | ဆား (တစ်ပိဿာ) | ၆၀၀ |
| | | ကြက်သွန်ဖြူ (တစ်ပိဿာ) | ၂၀၀၀ |
| | | ကြက်သွန်နီ (တစ်ပိဿာ) | ၂၂၀၀ |

## (ဃ) လက်ဖက်ကုန်သည်နှင့် ဈေးကွက်ပြဿနာ

တအာင်းဒေသအတွင်းထွက်ရှိသော လက်ဖက်များမှာ နမ့်ဆန်၊ နမ့်ခမ်း၊ သီပေါ၊ ကျောက်မဲနှင့် မန္တလေးမြို့ရှိ လက်ဖက်ပွဲရုံကြီးများတွင် တင်ပို့ရောင်းချကြပြီး လက်ဖက်ကုန်သည်နှင့် စက်ရုံပိုင်ရှင်အများစုမှာ အစိုးရလက်အောက်ခံ (သို့) အစိုးရနှင့်ဆက်စပ်သော ပုဂ္ဂိုလ်အများစုဖြစ်ပြီး အနည်းစုသာ ပုဂ္ဂလိကကုန်သည်များ ဖြစ်ကြသည်။ ထို့ကြောင့် လက်ဖက်ဈေးကွက်ကိုလည်း အစိုးရနှင့်ဆက်စပ်သော ကုန်သည်ကြီးများကသာ လက်ဝါးကြီးအုပ် ချယ်လှယ်ကြပါသည်။ စစ်အုပ်စုလက်အောက်ခံအစိုးရ၏ မျက်နှာသာပေးမှုကို ထိုကုန်သည်ကြီးများကသာ ရရှိကြသည်။

နမ့်ဆန်မြို့ရှိ ဗိုလ်ကြီးသန်းထွန်း၏ တပ်မတော်အချိုခြောက် လက်ဖက်စက်ရုံ (ပလောင်ထိပ်ထား)နှင့် နဂါးပျံလက်ဖက်စက်ရုံတို့မှာ လက်ဖက်ရာသီရောက်တိုင်း နမ့်ဆန်မြို့ရှိ လက်ဖက်ကုန်သည် များကိုခေါ်ယူပြီး လက်ဖက်ဈေးနှုန်းများကို စိတ်တိုင်းကျ သတ်မှတ်လေ့ရှိပါသည်။ အခြားကုန်သည်များကလည်း ထိုသတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်းသာ ရောင်းဝယ်ကြရသည်။ နမ့်ဆန်မြို့နယ်ရှိ လက်ဖက်ကုန်သည် အသေးစားအများစုမှာ ဒေသခံတောင်သူများ၏ လက်ဖက်ကိုဝယ်ယူပြီး တပ်မတော်နှင့် နဂါးပျံစက်ရုံတို့တွင် ပြန်လည်တင်သွင်းကြရသည်။ ထို့ကြောင့် နမ့်ဆန်လက်ဖက်ဈေးကွက်ကို ထိုသူများကသာ အဓိကထိန်းချုပ်ထားသည်။

နမ့်ဆန်၊ ကျောက်မဲ၊ သီပေါ၊ နမ့်ခမ်းနှင့် မန္တလေးရှိ လက်ဖက်ဈေးကွက်များကို လက်ဖက်အဓိကဖြန့်ဖြူးသည့် မြန်မာပြည်အလယ်ပိုင်းနှင့် အောက်ပိုင်းရှိ လက်ဖက်ကုန်သည်ကြီးများက အဓိကချုပ်ကိုင်ထားကြပါသည်။ လက်ဖက်ကုန်သည်ကြီးများမှာ ယမန်နှစ်က ရောင်းမကုန်သေးသည့် လက်ကျန်လက်ဖက်များကိုသာ ဈေးကွက်သို့ တင်ရောင်းနေသဖြင့် ၂၀၁၁ ထွက်လက်ဖက်သစ်များ ဈေးကွက်အတွင်းသို့ ရောက်ရှိမှုပမာဏအလွန်နည်းပါးနေပါသည်။



လက်ဖက်အကြမ်းများ ရွေးကောက်နေစဉ်

တချို့ကုန်သည်များမှာ လက်ကျန်လက်ဖက်ဟောင်းများနှင့် လက်ဖက်သစ်များကို ရောနှော၍ တင်ပို့ရောင်းချကြပါသည်။ ထို့ကြောင့် ၂၀၁၁ ခုနှစ်ထွက် လက်ဖက်ဈေးနှုန်းများ ကျဆင်းပြီး အဝယ်နည်းရခြင်း၏ အကြောင်းအရင်း တစ်ခုပင် ဖြစ်ပါသည်။

လက်ဖက်ကုန်သည်အများစုမှာ ဈေးကွက်သို့တင်ရောင်းချမည့် လက်ဖက်များကို အနည်းဆုံး နှစ်ဝက်(သို့) တစ်နှစ်စာ ဝယ်ယူသိုလှောင်လေ့ရှိကြသော်လည်း ၂၀၁၁ ခုနှစ်တွင် ကုန်သည်များမှာ ယခင်နှစ်များကဲ့သို့ ဝယ်ယူသိုလှောင်ခြင်း မရှိသေးပေ။ ကမ္ဘာ့စီးပွားရေး ကပ်ဆိုက်မှုကြောင့် အခြေခံပြည်သူလူထုအများစုမှာ စားဝတ်နေရေး ကြပ်တည်းသဖြင့် လက်ဖက် ဝယ်ယူစားသုံးမှုအား အဆမတန် လျော့နည်းလာသည်။ ထိုကဲ့သို့ဝယ်လိုအား ကျဆင်းသော ကြောင့် လက်ဖက်ကုန်သည်များလည်း ယခင်ကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လျှင် ကြီးမားသော ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရမည်ကို စိုးရိမ်နေကြပါသည်။

လက်ဖက်ကုန်ထုတ်လုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာ အားနည်းမှုနှင့် အစိုးရ၏ စီးပွားရေးထိန်းချုပ်မှု ပေါ်လစီတို့ကြောင့် အခြားပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သည့်ဈေးကွက် လွန်စွာကျဉ်းမြောင်းနေပါသည်။ တအာင်းလက်ဖက်သည် မြန်မာပြည်တွင်း စားသုံးသူများအပေါ် တွင်သာ အဓိက မှီခိုအားထားနေရပါသည်။ မြန်မာပြည်တွင် နှစ်စဉ်စီးပွားရေး ကျဆင်းနေခြင်း ကြောင့် လက်ဖက်လုပ်ငန်း အဓိကလုပ်ကိုင်စားသောက်နေကြသော လက်ဖက်တောင်သူများမှာ နေ့စဉ်နှင့်အမျှ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေကြပါသည်။

## *(င) လက်ဖက်တောင်သူနှင့် အလုပ်သမားများကြုံတွေ့နေရသည့်ပြဿနာ*

လက်ဖက်လုပ်ငန်းသည် လုပ်အားများစွာကုန်ဆုံးသော လုပ်ငန်းတစ်ခုဖြစ်သည်။ လက်ဖက်ရာသီတွင် လက်ဖက်ရွက်နုများ ဝေဝေဆာဆာ ထွက်ရှိနိုင်ရန်အတွက် လက်ဖက်ခြံ ပေါင်းတင်ရှင်းလင်းခြင်း၊ လက်ဖက်လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ခြင်းများ ပြုလုပ်ရပါသည်။ ထို့အပြင် လက်ဖက်များကို ရွက်နုနေချိန်ကာလတွင် အချိန်မှီခူးပေးရသည်။ အချိန်မှီမခူးနိုင်လျှင် လက်ဖက်အရည်အသွေးကျဆင်းခြင်း၊ နောက်တသုတ်ရွက်နုပြန်ထွက်ရန် အချိန်ကြာမြင့်ခြင်း အစရှိသောဆုံးရှုံးမှုများစွာ ဖြစ်တတ်လေသည်။



ခူးသူမရှိ၍ ပစ်ထားသောလက်ဖက်ခြံတစ်ခြံ

ထို့ကြောင့် လက်ဖက်ရွက်နုထွက်ချိန်တွင် လူအင်အား အလုံးအရင်းဖြင့် အချိန်မီခူး နိုင်မှသာ အရှုံးမှရုန်းထွက်နိုင်မည် ဖြစ်သည်။ အလုပ်သမားများကို မြန်မာပြည်အလယ်ပိုင်းမြို့ များဖြစ်သော မုံရွာ၊ မြင်းခြံ၊ မန္တလေး၊ ပခုက္ကူ၊ မြိုင်၊ ကျောက်ဆည်နှင့် တအာင်းဒေသအတွင်းရှိ လက်ဖက်အနည်းငယ်သာထွက်သော ကွတ်ခိုင်နှင့် နမ္မတူမြို့များတွင် ခေါ်ယူကြသည်။ လက်ဖက်ရာသီ မရောက်မီအချိန်တွင် အလုပ်သမားများ ခေါ်ယူနိုင်ရန်အတွက် ကြိုတင်ငွေများ ပေးကြရသည်။ ကြိုတင်ငွေများအတွက် မိမိတို့လက်ဝယ်ထားမှုမရှိလျှင် ရွှေပစ္စည်းများပေါင်ခြင်း၊ အတိုးငွေချေးခြင်းများ ပြုလုပ်ပြီး ငွေရှာရသည်။

၂၀၁၁ ခုနှစ်၊ မတ်လ ဒုတိယပတ်မှစတင်၍ ရှမ်းပြည်တပ်မတော်နှင့် မြန်မာစစ်တပ်တို့၏ တိုက်ပွဲမှာ တအာင်းဒေသအထိ ကျယ်ပြန့်လာသောကြောင့် အလုပ်သမားအများစုက မိမိတို့ နေရပ်သို့ပြန်သွားကြသကဲ့သို့ ဒေသခံလူထုများလည်း လက်ဖက်မခူးနိုင်ဘဲ စစ်ပြေးနေကြရသည်။ ထို့ကြောင့် အလုပ်သမားများ လုံလောက်စွာမရရှိ၍ လက်ဖက်ညွန့်များ ရင့်ရော်ပြီး အရှုံးနှင့် ရင်ဆိုင်နေကြရပါသည်။

လက်ဖက်ခူးသမားတစ်ဦးအနေဖြင့် ယခင်နှစ်များတွင် တစ်ရက်လျှင် အနည်းဆုံး ၃၀၀၀ ကျပ်ဝန်းကျင်ရရှိရာမှ ယခုနှစ်လက်ဖက်ဈေးနှုန်းအရ လက်ဖက်ခူးသမားတစ်ဦး၏ တစ်ရက် လုပ်အားခမှာ အများဆုံး ၁၅၀၀ ကျပ်ခန့်သာရရှိသည်။ လုပ်အားခနည်းပြီး ကုန်ဈေးနှုန်းများ မြင့်မားနေချိန်တွင် ဤငွေပမာဏသည် ၎င်းတို့၏ မိသားစုစားဝတ်နေရေး အခက်အခဲများကို ဖြေရှင်းနိုင်ဖို့ရန် များစွာအခက်အခဲရှိပါသည်။ လက်ဖက်ခူးသမားအများစုသည် လက်ဖက်လုပ်ငန်း အပေါ် စိတ်ဝင်စားမှုနည်းပါးလာပြီး အခြားလုပ်ငန်းများကို ရှာဖွေလုပ်ကိုင်လာကြသည်။ ထို့ ကြောင့် လက်ဖက်လုပ်ငန်းများ လုပ်ကိုင်နေကြသော လက်ဖက်ခြံပိုင်ရှင်များ လက်ဖက်ခူးသမား များလုံလောက်စွာရရှိရန် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပါသည်။

## ၃။ နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ

### *(က) လက်ဖက်လုပ်ငန်းအပေါ် ဆိုးကျိုးသက်ရောက်မှုများ*

လက်ဖက်ခြံပိုင်ရှင်များသည် အလုပ်သမားလုံလောက်စွာမရရှိခြင်း၊ လက်ဖက်ဈေးနှုန်းအဆမတန်ကျဆင်းခြင်း၊ လက်ဖက်အထွက်လျော့နည်းခြင်း၊ လက်ဖက်လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင် ရင်းနှီးထားသည့် အရင်းအနှီးများဆုံးရှုံးခြင်း စသည်တို့ကြောင့် လက်ဖက်လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်ရန် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။ အလုပ်သမားမရှိခြင်း၊ လက်ဖက်ဈေးကျဆင်းခြင်းတို့ကြောင့် လက်ဖက်ရွက်နုများကိုမခူးဘဲ ပစ်ထားရသဖြင့် လက်ဖက်များ ရင့်ရော်ပြီး နောက်လက်ဖက် ရာသီများတွင်ပါ လက်ဖက်အထွက်နှုန်း လျော့နည်းစေပါသည်။



ရင့်ရော်သွားသော လက်ဖက်ပင်များ

လက်ဖက်များရင့်ရော်ပြီး ဝယ်ယူသူမရှိသောအခါ လက်ဖက်ခြံပိုင်ရှင်များသည် လက်ဖက်ပင်များကို ခုတ်ပစ်ကြလေသည်။ လက်ဖက်ပင်ခုတ်ပစ်ခြင်း၏ အကျိုးဆက်မှာ နောက်တစ်နှစ်လက်ဖက်ရာသီတွင် လက်ဖက်အထွက်နှုန်း ထက်ဝက်မက ကျဆင်းခြင်း၊ တချို့လက်ဖက်ပင်များ သေဆုံးခြင်း၊ ပြန်လည်ကြီးထွားလာရန် အချိန်ကြာမြင့်ခြင်း အစရှိသည့် ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရပါသည်။ သေဆုံးသွားသော အပင်များအတွက် ပြန်လည်အစားထိုးစိုက်ပျိုးမည်ဆိုလျှင် အနည်းဆုံးအချိန်(၁၀)နှစ်ယူပြီး ပြုစုပျိုးထောင်ရသည်။ တချို့လက်ဖက်ခြံပိုင်ရှင်များသည် လက်ဖက်လုပ်ငန်းကို စိတ်ဓာတ်ကျပြီး ဈေးပေါပေါဖြင့် ပိုက်ဆံရှိသူထံ ရောင်းကြရပါသည်။

လက်ဖက်လုပ်ငန်းသည် နှစ်စဉ်နှစ်တိုင်း ပုံမှန်လုပ်ဆောင်နေရသော လုပ်ငန်းတစ်ခု ဖြစ်သည်။ အကယ်၍ (၁)နှစ်၊ (၂)နှစ် မလုပ်ဘဲ ပစ်ထားလျှင် ပုံမှန်အထွက်နှုန်း ပြန်လည်ရရှိဖို့ရန်အတွက် အနည်းဆုံး အချိန်(၃)နှစ်ယူပြီး ပြန်လည်မွန်းမံရသည့်လုပ်ငန်းများ ပြုလုပ်ရပါသည်။ လက်ဖက်လုပ်ငန်းကို ယခုနှစ်ကဲ့သို့ပင် ဆက်လက်ပစ်ထားမည်ဆိုလျှင် တအာင်းလူမျိုးတို့၏

ဘိုးစဉ်ဘောင်ဆက်လက်ထက် အဆက်ဆက်လုပ်ကိုင်လာခဲ့ကြသော ဤလက်ဖက်လုပ်ငန်းသည် ဈေးကွက်ပျက်လပ်သည့် ပြဿနာကြောင့် တိမ်ကောသွားမည့်အဆင့်ထိပင် ရောက်သွားနိုင်သည်။

## (ခ) စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ

လက်ဖက်ဈေးနှုန်းများ အဆမတန်နိမ့်ကျနေသော်လည်း ဒေသတွင်းကုန်ဈေးနှုန်းများမှာ ယခင်နှစ်များထက် ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရသည်။ လက်ဖက်ဈေးနှုန်းကျဆင်းပြီး ဆန်မဝယ်စားနိုင်သောအခါတွင် စပါးရှိသူထံတွင် အတိုးဖြင့်ချေးစားလျှင် နောက်တစ်နှစ်တွင် နှစ်ဆပြန်ဆပ်ရပါသည်။ တချို့ကျေးရွာများတွင်မူ ထမင်းသက်သက်ပင် မစားနိုင်တော့ဘဲ ပြောင်းဖူး၊ ဖရုံသီးများနှင့် ရောနှောစားသောက်ကြသည့်အဆင့် ဖြစ်နေပေပြီ။ နမ့်ဆန်နှင့် မန်တုံရှိ အချို့ကျေးရွာများတွင် မြင့်မားသည့်ဈေးနှုန်းများဖြင့် ကြိုတင်ဆန်များ မှာယူစားသုံးကြရပြီး ရွှေဖီချိန်တွင် ကုန်သည်များ သတ်မှတ်ထားသည့် ဈေးနှုန်းဖြင့်သာ ပြန်လည်းပေးဆပ်ကြရပါသည်။

“ကျနော်တို့ရွာမှာဆိုရင် ထမင်းသက်သက်တောင်မစားနိုင်တော့ဘူး၊ ပြောင်းနဲ့ပဲရောပြီး စားနေရတယ်။ အကြွေးတွေလည်း ဝိုင်းဝိုင်းလည်နေတာဘဲ။ ဆန်စပါးရှိတဲ့သူတွေဆီက ချေးစားမယ်ဆိုလည်း နောက်နှစ်ဆိုရင် နှစ်ဆပြန်ဆပ်ရတယ်၊ ကျနော်တို့တော့ အရမ်းဒုက္ခရောက်နေပြီ” ဟု မန်တုံမြို့နယ်မှ ရွာသားတစ်ဦးက ပြောပြခဲ့ပါသည်။

လက်ဖက်ဈေးနှုန်းအဆမတန်ကျဆင်းလာသည်နှင့်အမျှ ကလေးများ၏ ပညာရေးအတွက်လည်း ထိခိုက်မှု ပိုမိုများပြားလာသည်။ ယခုလက်ရှိ ဆယ်တန်းကျောင်းသားတစ်ယောက်၏ ပညာသင်စရိတ်သည် ရှစ်သိန်းခန့်ရှိပြီး ဘော်ဒါဆောင်နေ ကျောင်းသားတစ်ဦးမှာ အနည်းဆုံး ဆယ်သိန်းဝန်းကျင် ကုန်ကျပါသည်။ မိဘများက ကလေးများကို ကုန်ကျစရိတ် မြင့်မားသော အစိုးရကျောင်းများတွင် ဆက်လက်မထားနိုင်တော့ဘဲ ကုန်ကျစရိတ်နည်းပါးသော မြန်မာပြည်အလယ်ပိုင်း မန္တလေး၊ မြင်းခြံ၊ ပခုက္ကူ၊ စစ်ကိုင်းနှင့် မြန်မာပြည်အောက်ပိုင်း ရန်ကုန်နှင့် မော်လမြိုင်မြို့များရှိ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် သွားရောက်ပညာသင်ကြားစေသည်။ တချို့မိဘများလည်း သားသမီးများကို ကျောင်းဆက်မထားနိုင်တော့သည့်အဆုံး ကျောင်းမှထွက်၍ သူတို့နှင့်အတူ အလုပ်လုပ်စေသည်။ သားသမီးများ၏ ပညာရေးက အရေးကြီးမှန်းသိသော်လည်း လက်ရှိရင်ဆိုင်နေရသော စားဝတ်နေရေးအခက်အခဲကြောင့် သားသမီးများ၏ ဆန္ဒကိုကျော်ခိုင်းပြီး ဝမ်းစာအတွက် ရုန်းကန်နေကြရပါသည်။

“စီးပွားရေးကြပ်တည်းလို့ ကျနော်သမီးကို ကျောင်းဆက်ထားဖို့ အခက်အခဲကြုံနေရပါတယ်။ ဒါကြောင့် မြန်မာပြည်အလယ်ပိုင်းက သီလရှင်ကျောင်းမှာ သီလရှင်ဝတ်ပြီး ပညာဆက်သင်ဖို့ လွှတ်လိုက်တာလည်း၊ ဆွမ်းကွမ်းမပြည့်စုံတာ၊ သီလရှင်များလို့ အနေထိုင်ကြပ်တည်းတာတွေကြောင့် အခက်အခဲများစွာနဲ့ ရင်ဆိုင်နေရတယ်။ သီလရှင်တွေဟာ ပညာသင်ကြားရချိန်နည်းပြီး ဆွမ်းခံထွက်ချိန် ပိုပေးနေရတယ်။ အခုသမီးလေးက လုံးဝအဆင်မပြေလို့ မန္တလေး–တအာင်းစာပေယဉ်ကျေးမှု အကူအညီနဲ့ ရွာကိုပြန်ပြေးလာရတယ်။ ကျနော်သမီးလို ဒုက္ခတွေ့သူတွေ ရွာမှာအများကြီးပဲပြန်ပြေးလာတယ်” ဟု နမ့်ဆန်မြို့နယ်မှ ကျေးရွာသားတဦး ပြောပြပါသည်။

လက်ဖက် ဈေးနှုန်းကျဆင်းမှုကြောင့် ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့လာလျှင် ဖြေရှင်းနိုင်မည့် နည်းလမ်းများ မရှိသလောက်နည်းပါးလေသည်။ ဆေးဖိုးဝါးခများအတွက် လက်ဖက်ခြံရောင်းရသော မိသားစုများလည်း များစွာရှိပါသည်။

## ၄။ ပြဿနာကို ဖြေရှင်းနိုင်မည့် အကြံပြုချက်များ

လက်ဖက်လုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကြောင်းပြုနေသော လက်ဖက်တောင်သူ တအာင်းမိဘပြည်သူများ ရင်ဆိုင်နေရသော အခက်အခဲများမှာ ကြီးမားကြပ်တည်းလှသဖြင့် အားလုံး၏ တိကျသောအကူအညီများကို ရရှိရန် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် အတိဒုက္ခရောက်နေသော လက်ဖက်တောင်သူ တအာင်းပြည်သူလူထုများ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများ ဝိုင်းဝန်းဖြေရှင်းကူညီပေးနိုင်ရန်အတွက် အောက်ပါအကြံပြုချက်များကို တောင်းဆိုလိုက်ပါသည်။

**ဒေသခံ လက်ဖက်တောင်သူ တအာင်းပြည်သူများအနေဖြင့် –**

၁) မိရိုးဖလာလက်ဖက်လုပ်ငန်းကို ရေရှည်လုပ်ကိုင်စားသောက်နိုင်ရန်အတွက် စုပေါင်းဝိုင်းဝန်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန်။

၂) လက်ဖက်လုပ်ငန်းအပေါ် လက်ဝါးကြီးအုပ်ချယ်လှယ်နေသည်ကို စုပေါင်းကာကွယ်ဖြေရှင်းကြရန်။

၃) လက်ဖက်လုပ်ငန်းကို ကာကွယ်ထိန်းသိမ်းနိုင်ရန်နှင့် ကြုံတွေ့လာသော အခက်အခဲပြဿနာများကို ဝိုင်းဝန်းဖြေရှင်းနိုင်ရန်အတွက် လက်ဖက်တောင်သူအဖွဲ့ ဖွဲ့စည်းပြီး ပူးပေါင်းလုပ်ဆောင်ကြရန်။

**တအာင်း (ပလောင်) အမျိုးသားပါတီ အနေဖြင့် –**

၁) တအာင်းပြည်သူလူထုများ လက်ရှိကြုံတွေ့နေရသည့် လက်ဖက်လုပ်ငန်းပြဿနာကို ကူညီဖြေရှင်းပေးရန်။

၂) လက်ဖက်လုပ်ငန်းနှင့် လက်ဖက်တောင်သူများအား ကာကွယ်နိုင်သည့် ဥပဒေရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

**စစ်တပ်လက်အောက်ခံ မြန်မာအစိုးရ အနေဖြင့် –**

၁) နိုင်ငံ၏ စီးပွားရေးမူဝါဒ၊ ပေါ်လစီများကို ပြန်လည်စီစစ်ပေးရန်။

၂) လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်ကို ဖန်တီးပြီး ချုပ်ချယ်ကန့်သတ်မှုများကို ရုပ်သိမ်းပေးရန်။ လက်ဝါးကြီးအုပ်နေမှုကို ထိန်းသိမ်းဖြေရှင်းပေးရန်။

**နိုင်ငံတကာမိသားစုများ အနေဖြင့် –**

၁) လက်ဖက်လုပ်ငန်းအကြပ်အတည်းကြောင့် စားဝတ်နေရေးပြဿနာများနှင့် ရင်ဆိုင်နေရသော တအာင်းပြည်သူလူထုများကို ဝိုင်းဝန်းကူညီထောက်ပံ့ပေးရန်။

တအာင်း (ပလောင်)လုပ်ငန်းအဖွဲ့

(TSYO,PWO,PSLF)



# တအာင်း (ပလောင်) လုပ်ငန်းအဖွဲ့

